**မန်မာ့တပ်မတော် တအာင်းပြည်သူလူထုအား ဦးတည်တိုက်ခိုက်လာခြင်းအပေါ် သတင်းထုတ်ပြန်ရှင်းလင်းချက်**
၂၀၁၆ ခုနှစ် မတ်လ ၁၃ ရက်

မြန်မာ့တပ်မတော်သည် တအာင်းဒေသအတွင်းသို့ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ တတိယပတ်မှ စတင်ကာ စစ်ကားအစီး ၅၀၀ ကျော် တပ်အင်အား အလုံးအရင်းဖြင့် စတင် ထိုးစစ်ဆင်လာရာ မတ်လဆန်းတွင် တအာင်းတပ်မတော်လှုပ်ရှားရာ နယ်မြေအသီးသီးသို့ စတင်တပ်ဖြန့် ထိုးစစ်ဆင်မှုပြုလုပ်လာကာ မတ်လ ၂ ရက်နေ့မှ စတင်ကာ နေ့စဉ်နှစ်ဖက်ထိတွေ့တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။ မတ်လ ၂ ရက်နေ့မှစ၍ ယနေ့အထိ နှစ်ဖက်ထိတွေ့ တိုက်ခိုက်မှု ၁၅ ကြိမ်ရှိပြီး မြန်မာတပ်မတော်မှ လေကြောင်းတိုက်ခိုက်မှု ၂ ကြိမ်ပြုလုပ်ခဲ့သည်။ တိုက်ပွဲအတွင်း တအာင်းတပ်မတော်ဖက်မှ ထိခိုက်ကျဆုံးမှု ၃ ဦးရှိပြီး မြန်မာ့တပ်မတော်ဖက်မှ ကျဆုံးမှု ၁၀၀ ကျော်ရှိခဲ့သည်။

မြန်မာ့တပ်မတော်သည် ကျေးရွာအတွင်းတိုက်ပွဲ ဖြစ်ပွားမှုမရှိသော်လည်း ကျေးရွာအတွင်းနှင့် အများပြည်သူ သွားလာသည့် ပတ်ဝန်းကျင်သို့ အကြောင်းမဲ့ လက်နက်ကြီးပစ်ခတ်ခြင်း၊ လူနေအိမ်များမီးရှို့ဖျက်ဆီးခြင်း၊ ဝမ်းစာရေးအတွက် အလုပ်လုပ်ကိုင်ရန်သွားလာနေသည့် ပြည်သူများအား ဖမ်းဆီးရိုက်နှက်စစ်ဆေးခြင်း၊ ကျေးရွာနေပြည်သူလူထုများပေါ် တာဆွဲခေါ်ခြင်း၊ လူနေအိမ်အတွင်း ဝင်ရောက်မွှေနှောက် ပစ္စည်းလုယူခြင်း စသည့်လူ့အခွင့်အရေး ချိုးဖောက်သည့် လုပ်ရပ်များပြုလုပ်လာခြင်းနှင့် ထောင်ချီသည့် ပြည်သူလူထုများမှလည်း နေရပ်စွန့်ခွာကာ ရှောင်ရှားနေကြရသည်။

မြန်မာ့တပ်မတော်၏ လုပ်ဆောင်ချက်အချို့မှာ -
(က) မတ်လ ၆ ရက်နေ့ နံနက် ၁၀း၀၀ မှ ၁၂း၀၀ နာရီအထိ၌ ကွတ်ခိုင်မြို့နယ်၊ မိုင်းယုလေးကျေးရွာနှင့် ကျရမ်းကျေးရွာ ဧရိယာအတွင်း တောတွင်းတွင် တိုက်ပွဲဖြစ်ပွားအပြီး ညပိုင်း၁၂း၀၀ နာရီအချိန်တွင် ကျရမ်း ၊ ငေါ့ငှားကျေးရွာပတ်ဝန်းကျင်နှင့် ဂျံုနောကျေးရွာအတွင်းသို့ ရန်သူမရှိဘဲ အကြောင်းမဲ့လက်နက်ကြီး ပစ်ခတ်သဖြင့်လူနေအိမ်တစ်လုံးထိမှန်ကာ ဒေါ်အေးထာ၏ ဦးခေါင်းထိမှန်ခဲ့သည်။ မတ်လ ၇ ရက် နေ့မှစ၍ ဂျုံနော၊ ငေါ့ငှါး၊ ကျရမ်းကျေးရွာတို့မှ ရွာလုံးကျွတ်ထွက်ပြေးခဲ့သည်။ မတ်လ ၈ ရက်ေ နေ့တွင် မြန်မာ့တပ်မတော်နှင့် ပန်ဆေး ပြည်သူ့စစ်အဖွဲ့မှ ကျရမ်းကျေးရွာအတွင်းဝင်ရောက်ကာ လူနေအိမ်များ အတွင်းဝင်ရောက်မွှေနှောက်ကာ အဖိုးတန်ပစ္စည်းများ ယူဆောင်ခြင်း၊ အိမ်မွေးကြက်များသတ်စားခြင်း၊ လူနေအိမ်များဖောက်ထွင်းဖျက်ဆီးခြင်း၊ ဆန်/စပါးများမီးရှို့ဖျက်ဆီးခြင်းပြုလုပ်ခဲ့သည်။

(ခ) မတ်လ ၉ ရက်နေ့တွင် မြန်မာ့တပ်မတော်နှင့် KIA တို့ မန်ပူးကျေးရွာအနီးတွင်တိုက်ပွဲဖြစ်ပွားပြီး မြန်မာ့တပ်မတော်၏ ကျေးရွာအတွင်းလက်နက်ကြီးပစ်ခတ်မှုကြောင့် ၉ နှစ်အရွယ်ကလေးတစ်ဦး ထိခိုက်ဒဏ်ရာရကာ တိုက်ပွဲအပြီးတွင် မြန်မာ့တပ်မတော်မှ ကျေး ရွာအတွင်းဝင်ရောက်ကာ အဖိုးတန်ပစ္စည်း၊ ဆန်/စပါးယူဆောင်ခြင်း၊ စပါးများမီးရှို့ဖျက်ဆီးခြင်းများပြုလုပ်ခဲ့သည်။

(ဂ) မတ်လ ၁၁ ရက်နေ့တွင် တိုက်ပွဲဖြစ်ပွားမှုမရှိဘဲ ကွတ်ခိုင်မြို့နယ် လွယ်ကန်ကျေးရွာမှ လူနေအိမ် ၁၁ လုံး၊ မန်ဆိုင်ကျေးရွာမှ ၆ လုံးနှင့် ပိန်းပွန်ကျေးရွာမှ ၃ လုံး မြန်မာ့တပ်မတော်မှ မီးရှို့ဖျက်ဆီးခဲ့သည်။

(ဃ) မတ်လ ၆ ရက်နေ့တွင် ကွတ်ခိုင်မြို့နယ်၊ ငေါ်ငါးရွာသား ၆ ဦး၊ မတ်လ ၁၁ ရက်နေ့တွင် မိုင်းငေါ့မြို့နယ် ပန်လော့ရွာသား ၅ ဦးအား ပေါ်တာအဖြစ် ခေါ်ဆောင်သွားခဲ့သည်။
ထိုလုပ်ရပ်များသည် တိုက်ပွဲဖြစ်ပွားမှုမရှိဘဲ မြန်မာ့တပ်မတော်မှ တအာင်းဒေသအတွင်း ပြည်သူလူထုအား ဦးတည်တိုက်ခိုက် နေကြောင်း စစ်ဆေးတွေ့ရှိရသည်။

သတင်းနှင့်ပြန်ကြားရေးဌာန